ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရုံးခွန်တံဆိပ်ခေါင်း
၁၀၀ကျပ် K 100

ဟသ်ာတခရိုင်တရားရုံး

၂၀၁၆ ခုနှစ်၊ တရားမအယူခံမှုအမှတ် - ၅၈

(ဇလွန်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်-၃၄/၂၀၁၄ တွင် ၂၈-၁၀-၂၀၁၆ ရက်နေ့က ချမှတ်သည့်စီရင်ချက်နှင့်ဒီကရီကို အယူခံဝင်ရောက်ခြင်း)

ဦးမျိုးဝင်း နှင့် ဦးစိုးဝင်း

အယူခံတရားလို အယူခံတရားပြိုင်

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | - | ဦးသန်းတင်၊ တရားလွှတ်တော်ရှေ့နေ |
| အယူခံတရားပြိုင်အတွက် | - | ကိုယ်တိုင် |

## စီ ရင် ချက်

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်

ဇလွန်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၃၄/၂၀၁၄ တွင် တရားလို ဦးစိုးဝင်း က တရားပြိုင်များဖြစ်ကြသည့် ဦးမျိုးဝင်းနှင့်ဦးကြည်လင်းတို့အပေါ် ကြိုတင်ဝယ်ယူထားသော တစ်တင်းခွဲပါသည့် ပြောင်းဆံအိတ် ၅၆၆၀ အိတ်အနက် ကျန်ရှိသည့်ပြောင်းဆံ ၇၉၃ အိတ် (သို့မဟုတ်) ယင်း၏တန်ဘိုးငွေ ၈၅၂၀၇၈၅/- ရလိုကြောင်းစွဲဆိုရာ မြို့နယ်တရားရုံးက (၂)တရားပြိုင် ဦးကြည်လင်းအား အမှုမှဖယ်ထုတ်၍ တရားလိုသည် (၁)တရားပြိုင် ဦးမျိုးဝင်းထံမှ ပြောင်းဆံ ၇၉၃ အိတ် (သို့မဟုတ်) ယင်းတန်ဘိုးငွေ ၈၅၂၀၇၈၅/- ကို စရိတ်နှင့်တကွရထိုက်ကြောင်း ဒီကရီချမှတ်သည့်အပေါ် အယူခံတရားလိုမှ မကျေနပ်၍ အယူခံတင်သွင်းလာခြင်းဖြစ်သည်။

အဆိုလွှာတွင် တရားလိုက ဖွင်းမှာပဲမျိုးစုံနှင့်ဆန်ထွက်ပစ္စည်းရောင်းဝယ်ခြင်းလုပ်ငန်းလုပ်ကိုင်ပြီး တရားပြိုင်များနှင့်ခင်မင်ရင်းနှီးကြောင်း၊ တရားပြိုင်များမှာပြောင်းဆံကိုဝယ်ယူပြီး ဖွင်းထံပေးသွင်းရောင်းချသည့်အလုပ်ကိုလုပ်ကိုင်သူများဖြစ်ကြောင်း၊ ၁၃၇၆ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်နေ့ ၅-၅-၂၀၁၄ နေ့တွင် တရားပြိုင်များ တရားလိုထံရောက်လာပြီး တစ်တင်းခွဲပါသောပြောင်းဆံအိတ် ၁၀၀၀ အတွက် ကြိုတင်ငွေရယူလိုကြောင်းပြောသဖြင့် ပြောင်းဆံအိတ် ၁၀၀၀ အတွက် တစ်တင်းလျှင် တန်ဘိုး ၆၄၅၀/ ကျပ်ဖြင့် ငွေ ၉၉၉၀၇၅၀/- ကို တရားပြိုင်များလက်ဝယ်သို့ ကြိုတင်ပေးလိုက်ကြောင်း၊ ၁၃၇၆ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်နေ့ ၇-၅-၂၀၁၄ နေ့တွင် တရားပြိုင်များ တရားလိုထံရောက်လာပြီး ပြောင်းဆံ ၁၃၀၀ အိတ်အတွက် ကြိုင်တင်ငွေရယူလိုကြောင်းပြောသဖြင့် ပြောင်းဆံအိတ် ၁၃၀၀ အတွက် ကြိုတင်ငွေ ၁၃၀၈၇၇၅၀/- ကို တရားပြိုင်များလက်ဝယ်သို့ပေးအပ်လိုက်ကြောင်း၊ ၁၃၇၆ ခုနှစ်၊ ကဆုန်လဆုတ် ၆ ရက်နေ့ ၁၉-၅-၂၀၁၄ နေ့တွင် ပြောင်းဆံအိတ် ၆၀၀ အတွက် ပြောင်းဆံပိဿာ ၂၀၊ တစ်တင်းလျှင် ၆၇၀၀/- နှုန်းဖြင့် ပြောင်းဆံအိတ် ၆၀၀ အတွက်ကြိုတင်ငွေ ၆၀၉၄၀၀၀/- ကို တရားပြိုင်များသို့ ပေးလိုက်ကြောင်း၊ ကဆုန်လဆုတ် ၉ ရက်နေ့ ၂၂-၅-၂၀၁၄ နေ့တွင် ပြောင်းဆံအိတ် ၄၀၀ အတွက် ပိဿာ ၂၀ တစ်တင်းလျှင် ၆၇၀၀/- နှုန်းဖြင့် ကြိုတင်ငွေ ၄၁၄၉၈၀၀/- ကို တရားပြိုင်များသို့ပေးလိုက်ကြောင်း၊ နယုန်လဆန်း ၂ ရက်နေ့ ၃၀-၅-၂၀၁၄ ရက်နေ့တွင် ပြောင်းဆံ ၁၁၆၀ အိတ်အတွက် ပိဿာ ၂၀ တစ်တင်းလျှင် ၇၀၀၀/- နှုန်းဖြင့် ကြိုတင်ငွေ ၁၂၅၆၈၂၀/- ကို တရားပြိုင်များသို့ပေး

ပုံ/ ××× ×××

တာဝန်ခံမိတ္တူမှန်

(ကောင်းရိုမြင့်ဦး)
အခွင့်ရအရာရှိ
ဟသ်ာတခရိုင်တရားရုံး

ရေးကူးသူ

အမှုတွဲထိန်း
ဟသ်ာတခရိုင်တရားရုံး

ပေးလိုက်ကြောင်း၊ နယုန်လဆန်း ၆ ရက် ၃-၆-၂၀၁၄ နေ့တွင် တရားပြိုင်များရောက်လာပြီး ပြောင်းဆံအိတ် ၁၀၀၀ အတွက် ကြိုတင်ငွေရလိုကြောင်းပြောသဖြင့် ပိဿာ ၂၀ တစ်တင်းလျှင် ၇၀၀၀ိ/- နှုန်းဖြင့် ငွေ ၁၀၉၈၅၀၀၀ိ/- ကို တရားပြိုင်များသို့ပေးလိုက်ကြောင်း၊ နယုန်လဆန်း ၉ ရက်နေ့တွင် မြောင်းဆံအိတ် ၂၀၀ အတွက် တစ်တင်းလျှင် ၇၀၀၀ိ/- ဖြင့် ငွေသိန်း (၂၀)ပေးလိုက်ကြောင်း၊ ကဆုန်လဆန်း ၇ ရက် ၅-၅-၂၀၁၄ မှ နယုန်လဆန်း ၉ ရက် ၆-၆-၂၀၁၄ နေ့အထိ (၇)ခေါက်လာရောက်ပြီး တစ်တင်းခွဲပါပြောင်းဆံအိတ် ၅၆၆၀ အိတ်ဘိုး ၅၈၉၇၅၉၀ိ/- ကို ကြိုတင်ငွေအဖြစ်ယူသွားပြီး ၃-၅-၂၀၁၄ မှ ၁-၆-၂၀၁၄ နေ့အထိ တစ်တင်းခွဲပါသော ပြောင်းဆံအိတ် ၄၈၇၆ အိတ် တန်ဘိုး ၅၀၄၅၅၁၁၅/- ကျပ်ကိုသာပေးသွင်းသဖြင့် တရားပြိုင်များထံတွင် တစ်တင်းခွဲပါပြောင်းဆံအိတ် ၇၉၃ အိတ် (သို့မဟုတ်) ယင်းတန်ဘိုး ၈၅၂၀၇၈၅/- ရရန်ကျန်နေကြောင်း၊ ထိုငွေကို ၅-၆-၂၀၁၄ နေ့ နောက်ဆုံးထားပေးမည်ဟု ကတိပြုခဲ့သော်လည်း လာရောက်ပေးဆပ်ခြင်းမရှိသဖြင့် တရားစွဲဆိုရကြောင်း အဆိုပြုထားသည်။

အချေလွှာတွင် တရားလိုနှင့်အရောင်းအဝယ်ပြုသည်မှာ (၁)တရားပြိုင်တစ်ဦးတည်းသာဖြစ်ပြီး (၂)တရားပြိုင်မပါကြောင်း၊ (၁)တရားပြိုင်သည် ပြောင်းဆံအိတ်များဝယ်ယူပြီး ရေလည်သောင်ရှိ တရားလို၏ ဂိုဒေါင်သို့ပေးအပ်ရာ တရားလို၏အလုပ်သမားများက လက်ခံရယူကြောင်း၊ ၉-၄-၂၀၁၄ မှ ၁-၆-၂၀၁၄ ရက်နေ့အထိ အပ်ပေးခဲ့သောပြောင်းဆံအိတ်များမှာ ၇၆၈၈ အိတ်ဖြစ်ကြောင်း၊ (၁)တရားပြိုင်သည် အပ်ထားသောပြောင်းဆံအိတ်ဘိုးကို ဇလွန်မြို့ တရားလို၏ပွဲရုံတွင်ငွေထုတ်ယူကြောင်း၊ (၁)တရားပြိုင်သည် တရားလိုထံသို့ ၉-၄-၂၀၁၄ နေ့မှ ၁-၆-၂၀၁၄ နေ့အထိ ပြောင်းဆံ ၇၆၈၈ အိတ် အပ်နှံခဲ့ရာ ပြေစာအမှတ်-(၁)(၂)(၃)တွင် ၁၈၃၀ အိတ်နှင့် လက်ငင်းရောင်းချသည့် ၉၁ အိတ် စုစုပေါင်း ၁၉၂၁ အိတ်ဖြစ်ကြောင်း၊ ကျန်ရှိသည့်ပြောင်းဆံအိတ်များကို ပြေစာ (၄)(၅)(၆)(၇)(၈)(၉)နှင့် ၆-၆-၂၀၁၄ နေ့အိတ် ၂၀၀ ပေါင်းပါက ၅၆၆၀ အိတ်ဖြစ်ကြောင်း၊ ပြေစာအမှတ် (၁)(၂)(၃)အပါအဝင် ရောင်းခဲ့သော ၁၉၂၁ အိတ်နှင့်ပေါင်းပါက ၁၉၂၁ + ၅၆၆၀ = ၇၅၈၁ အိတ်ဖြစ်ကြောင်း၊ ထို့ကြောင့် (၁)တရားပြိုင်အပ်နှံသောပြောင်းဆံအိတ် ၇၆၈၈ အိတ်တွင် အထက်ပါရောင်းချပြီးသည့် ၇၅၈၁ အိတ်ကို နှုတ်ပါက ၁၀၇ အိတ် တရားလိုထံတွင်ကျန်ကြောင်း၊ အဆိုပါ ၁၀၇ အိတ်အား ကာလတန်ဘိုး ၁၂၀၀ိ/ နှင့်တွက်ပါက ၁၂၈၄၀၀၀ိ/- ရရန်ကျန်ကြောင်း၊ ပြေစာအမှတ်(၅)တွင် ရရန်ကျန်သည့် ၈၇၇၅၀ိ/-၊ ၆-၆-၂၀၁၄ နေ့တွင်ကျန်သည့် ၁၆၇၀၀ိ/- စုစုပေါင်း ၁၅၃၈၇၅၀ိ/- ရရန်ကျန်ကြောင်း၊ တရားလိုသည် (၁)တရားပြိုင်အမှန်တင်ပို့သည့် ပြောင်းဆံအိတ်စာရင်းများကို ထိန်ချန်၍ ပြောင်းဆံအိတ်များပေးသွင်းရန် လိုသည်ဟု အဆိုပြုခြင်းဖြစ်ကြောင်း၊ နှစ်ဦးနှစ်ဖက်စာရင်းရှင်းလင်းရသေးခြင်းမရှိခြင်းကြောင့် တရားစွဲဆိုရန်အကြောင်းမပေါ်ကြောင်း၊ (၂)တရားပြိုင်မှာ အရောင်းအဝယ်ပြုသည့်ကိစ္စတွင် ပါဝင်မှုမရှိသဖြင့် အမှုမှဖယ်ထုတ်ပေးသင့်ကြောင်း၊ ပြောင်းဆံအိတ် ၇၉၃ အိတ်သော်လည်းကောင်း၊ ၄င်း၏တန်ဘိုးငွေ ၈၅၂၀၇၈၅/- သော်လည်းကောင်း ပေးရန်တာဝန်မရှိကြောင်း၊ ပြေစာအမှတ်(၅)တွင် တရားလိုထံမှ တရားပြိုင်ရရန်ကျန်သည့်ငွေ ၈၇၇၅၀ိ/-၊ ၆-၆-၂၀၁၄ နေ့တွင် တရားပြိုင်က တရားလိုထံပေးအပ်သော ပြောင်းဆံအိတ် ၂၀၀ မှ ကျန်ငွေ ၁၆၇၀၀ိ/-၊ စုစုပေါင်း ၁၅၃၈၇၅၀ိ/- ကို တရားလိုက တရားပြိုင်သို့ ပေးရန်တာဝန်ရှိကြောင်း၊ တရားလိုစွဲဆိုသည့်အမှုအား စရိတ်နှင့်တကွ ပလပ်ပေးရန် ချေပထားသည်။

အဆိုလွှာ၊ အချေလွှာများအရ မူလရုံးတော်မှ အောက်ပါငြင်းချက်များထုတ်နုတ်ခဲ့သည်။

(၁) တရားလိုသည် တရားပြိုင်ထံမှ ပြောင်းဆံ ၅၆၆၀ အိတ်တန်ဘိုးအနက်မှ ပြောင်းဆံ ၇၉၃ အိတ် (သို့မဟုတ်) ၇၉၃ အိတ်၏တန်ဘိုးငွေ ၈၅၂၀၇၈၅/- တိတိကို လက်ရောက်ပြန်လည်ရရန်ရှိသည်ဆိုတာ မှန်သလား။

(၂) (၁)တရားပြိုင်သည် တရားလိုထံမှသာ ပြောင်းဆံ ၃၀၇ အိတ်ဘိုးအတွက်ငွေ ၁၅၃၈၇၅၀ိ/ ကိုရရန်ရှိပြီး၊ တရားလိုသို့ ပြောင်းဆံအိတ်ဘိုးပေးရန်မရှိဆိုတာမှန်သလား။

(၃) (၂)တရားပြိုင်သည် တရားလိုနှင့်(၁)တရားပြိုင်တို့ အရောင်းအဝယ်ပြုခြင်းကိစ္စတွင် ပါဝင်ခဲ့ခြင်းမရှိ၍ အမှုမှပယ်ထုတ်သင့်သည်ဆိုတာ မှန်သလား။

(၄) တရားလိုသည် မည်သည့်သက်သာခွင့်ကိုရထိုက်သနည်း။

ပုံ/ ✲ ✲ ✲

တာဝန်ခံမိတ္တူမှန်
(ကောအရိုမြင့်ဦး)
အခွင့်ရအရာရှိ
ရေးကူးသူ
အမှုတွဲထိန်း
ဟသ္သာတခရိုင်တရားရုံး

အယူခံတရားလို၏ရှေ့နေမှလျှောက်လဲတင်ပြရာတွင် တရားလို၏ထွက်ဆိုချက်သည် အဆိုလွှာတွင် ကြိုတင်ငွေထုတ်ပေးသည်ဟုအဆိုပြုသော်လည်း လက်တွေ့တွင် တရားပြိုင်ကသာ ပြောင်းဆံကြိုပို့ထားပြီးဖြစ်ကြောင်းပေါ်ပေါက်သဖြင့် မမှန်မကန်စွဲဆိုခြင်းသာဖြစ်ကြောင်း၊ အဆိုလွှာအရ တရားလိုသည် တရားပြိုင်အား ကြိုတင်ငွေထုတ်ပေးခြင်းမဟုတ်ဘဲ တရားပြိုင်ပေးအပ်သော ပြောင်းဆံအိတ်များအပေါ်တွင်သာ အလီလီခွဲ၍ငွေချေကြောင်း၊ ပြောင်းဘိုးငွေမှ ဘောင်ချာဖြတ်ပေးကြောင်းသာပေါ်ပေါက်ကြောင်း၊ တရားပြိုင်နှင့်တရားလိုတို့ သက်သေခံ(က)ငွေထုတ်မှတ်တမ်း၊ သက်သေခံ(ခ) ငွေသွင်းဘောင်ချာတို့အရ ၁၂-၄-၂၀၁၄ နေ့မှစ၍ ပြောင်းဆံအိတ်အရောင်းအဝယ်ပြုခဲ့သည်ဆိုခြင်းအား ထိန်ချန်ထားခဲ့ကြောင်း၊ ၁၂-၄-၂၀၁၄ နေ့မှစတင်ရောင်းဝယ်ခဲ့သော ငွေထုတ်မှတ်တမ်းသက်သေခံ(က)အရ ၂၂-၄-၂၀၁၄ တစ်နေ့တည်းသာ ကိုမျိုးဝင်းက ပြောင်းဆံဘိုးကြိုထုတ်ကြောင်းပေါ်ပေါက်ပြီး ကျန်သည့်နေ့ရက်များမှာ တရားပြိုင်ရောင်းချသောပြောင်းဆံအိတ်ဘိုးကို တရားလိုက အလီလီခွဲပေးကြောင်းသာပေါ်ပေါက်ပြီး တရားလိုအဆိုပြုသကဲ့သို့ ပြောင်းဆံဘိုးများကြိုတင်ထုတ်ပေးသဖြင့် တရားပြိုင်ထံတွင် ပြောင်းဆံဘိုးများ ကျန်သည်ဆိုသည့်အချက်မှာ မှန်ကန်မှုမရှိကြောင်း၊ အမှုတွင် တရားပြိုင်က တရားလိုသို့ပေးအပ်ခဲ့သော ပြောင်းဆံအိတ်မှ ၉-၄-၂၀၁၄ နေ့မှ ၁-၆-၂၀၁၄ နေ့အထိ သက်သေခံ(ဈ)(၉)(၁၀)တို့အရ ပြောင်းဆံအိတ် ၇၆၈၈ အိတ်အပ်နှံခဲ့ကြောင်း၊ ပြေစာအမှတ် (၁)(၂)(၃)တွင် စုစုပေါင်း ၁၈၃၀ အိတ်နှင့်လက်ငင်းရောင်းသည့် ၉၁ အိတ် စုစုပေါင်း ၁၉၂၁ အိတ်ဖြစ်ကြောင်း၊ ကျန်ရှိသည့်ပြောင်းဆံများအနက် ၅-၅-၂၀၁၄ နေ့မှ ၆-၆-၂၀၁၄ နေ့အထိပြောင်းဆံ ၅၆၆၀ အိတ်ရောင်းချခဲ့သဖြင့် တရားလိုထံတွင် ၇၅၈၁ အိတ်ရောင်းချပြီးဖြစ်ကြောင်း၊ အပ်နှံထားသည့် ၇၆၈၈ အိတ်မှ ၇၅၈၁ အိတ်နုတ်ပါက တရားလိုထံတွင် ၁၀၇ အိတ်ကျန်ကြောင်း၊ တန်ဘိုး ၁၂၈၄၀၀၀ိ/- ဖြစ်ကြောင်း၊ ၇-၅-၂၀၁၄ နေ့ ပြောင်းဆံ ၁၃၀၀ အိတ်ရောင်းချစဉ်က ကျန်ငွေ ၈၇၇၅၀ိ/-၊ ၆-၆-၂၀၁၄ နေ့ကျန်ငွေ ၁၆၇၀၀ိ/-၊ စုစုပေါင်း ၁၅၃၈၇၅၀ိ/- ရရန်ကျန်ရှိကြောင်း၊ သက်သေခံ(က)(ခ)၊ (ဈ)(၉)(၁၀)တို့အရ ပေါ်ပေါက်ကြောင်း၊ မူလမြို့နယ်တရားရုံးတော်က (၁)တရားပြိုင်သည် တရားလိုထံမှ ပြောင်းဆံအိတ် ၁၀၇ အိတ်ရရန်ရှိသည်ဆိုသည့်အချက်ကို သက်သေထင်ရှားတင်ပြနိုင်ခြင်းမရှိကြောင်း၊ ပြေစာအမှတ်(၅)တွင် ရရန်ကျန်သည့် ၈၇၇၅၀ိ/-၊ တရားလိုကိုယ်တိုင်ပေးရန်ကျန်ကြောင်း၊ ၆-၆-၂၀၁၄ နေ့ပြောင်းဆံအိတ် ၂၀၀ ဘိုးမှကျန်ငွေ ၁၆၇၀၀ိ/- တို့မှာ တရားလိုတင်ပြသည့် ပြောင်းဆံဘိုးကျန်လက်ခံစာရင်း၊ ငွေထုတ်ပေးသည့်စာရင်းများအရ ဘောင်ချာပါငွေများရှင်းပြီးကြောင်းသုံးသပ်၍ ချမှတ်သောအမိန့်မှာ အမှုပေါ်ပေါက်ချက်များနှင့်ကွဲလွဲလျက်ရှိကြောင်း၊ အမှုမှ တရားလို၏အဆိုလွှာတွင် တရားပြိုင်များက ပြောင်းဆံအိတ်အပ်နှံထားကြောင်း ပေါ်ပေါက်ခဲ့ခြင်းလည်း မရှိကြောင်း ပေါ်ပေါက်နေပါသဖြင့် မူလမြို့နယ်တရားရုံးကချမှတ်သော စီရင်ချက်နှင့်ဒီကရီကိုပယ်ဖျက်၍ တရားလို၏အဆိုလွှာအား စရိတ်နှင့်တကွ ပလပ်ပေးပါရန် လျှောက်ထားတင်ပြသည်။

အယူခံတရားပြိုင်မှလျှောက်လဲတင်ပြရာတွင် ယခုအမှုတွင် တရားလိုမှ တရားရုံးတော်သို့ ပြောင်းဆံဝယ်ဘောင်ချာ (၇)ရွက်အား ရုံးတော်သို့ သက်သေခံအဖြစ် တင်သွင်းထားကြောင်း၊ ၎င်းဘောင်ချာ(၇)ရွက်အရ စုစုပေါင်းပြောင်းဆံ ၅၆၆၀ အိတ်ဖြစ်ကြောင်း၊ ပြောင်းဆံ ၁၈၈၀ အိတ်စာရင်းသည် ၎င်းတရားစွဲဆိုသောဘောင်ချာထဲတွင်မပါကြောင်း၊ ပြောင်းဆံ ၁၈၈၀ အိတ်စာရင်း အဆိုလွှာ၌ပါနေခြင်းသည် ကွန်ပျူတာစာစီစာရိုက်ပေးသူ မှားထည့်ခဲ့ခြင်းသာဖြစ်ကြောင်း၊ ပြောင်းဝယ်ဘောင်ချာ(၇)ရွက်အရ ၃-၆-၂၀၁၄ ရက်နေ့ ပြောင်းဆံ ၁၀၀၀ အိတ်ကို ၇၀၀ိ/- နှုန်းဖြင့် တန်ဘိုးငွေ ၁၀၉၈၅၀၀ိ/- ကို ကိုမျိုးဝင်းသို့ငွေပေးချေထားကြောင်း၊ သက်သေခံဘောင်ချာစာရင်းများအရ ပေါ်ပေါက်နေကြောင်း၊ မူလမြို့နယ်တရားရုံးတွင် ကိုမျိုးဝင်းထွက်ဆိုချက်နှင့် ဦးကြည်လင်း၏ထွက်ဆိုချက်များတွင် ၃-၆-၂၀၁၄ ရက်နေ့ပြောင်းဆံ ၁၀၀၀ အိတ်ပို့စာရင်းကိုလည်း မည်သည့်ကားနှင့်ပို့ပေးကြောင်း သက်သေထင်ရှားမပြနိုင်ကြောင်း၊ ၆-၆-၂၀၁၄ ရက်နေ့ ပြောင်းဆံ ၂၀၀ အိတ်ပို့စာရင်းကိုလည်း မည်သည့်ကားနှင့်ပို့ကြောင်း မပြောနိုင်ကြောင်း၊ တရားပြိုင်ပြသက်သေ ကိုပြည့်စုံနှင့်ကိုမျိုးတင့်တို့နှစ်ဦး၏ရုံးရှေ့ထွက်ဆိုချက်တွင်လည်း ၃-၆-၂၀၁၄ ရက်နေ့ ပြောင်းဆံ ၁၀၀၀ အိတ်ပို့စာရင်းနှင့် ၆-၆-၂၀၁၄ ရက်နေ့ ပြောင်းဆံ ၂၀၀ အိတ်ပို့စာရင်းကို ကုန်ပို့အထောက်အထားတင်ပြနိုင်ခြင်းမရှိကြောင်း၊ တရားလို၏ပြောင်းဆံ ၇၉၃ အိတ် သင့်ငွေ

မိတ္တူမှန်
(ကျော်...ငြိမ့်ဦး)
အခွင့်ရအရာရှိ
...ခရိုင်တရားရုံး
ရေးကူးသူ
အမှုတွဲထိန်း
ဟသ်ာတခရိုင်တရားရုံး

၈၅၂၀၇၈၅/-၊ တရားပြိုင် ကိုမျိုးဝင်းထံရောက်ရှိနေသည်မှာ (၃)နှစ်ရှိနေပြီဖြစ်ကြောင်း၊ မူလရုံးတော်မှ ရုံးကောက်ချက်များအား ဖြေကြားပြီး ချမှတ်ခဲ့သည့်ဒီကရီသည် မှန်ကန်ပါသဖြင့် ဤအယူခံမှုအား ပလပ်ပေးပါရန် လျှောက်ထားတင်ပြသည်။

မူလရုံးအမှုတွဲအား စီစစ်ကြည့်ရှုရာ မူလရုံးတရားလိုဦးစိုးဝင်းသည် ပွဲရုံလုပ်ငန်းလုပ်ကိုင်သူတစ်ဦးဖြစ်ကြောင်းနှင့် ပြောင်းဆန်နှင့်ဆန်အရောင်းအဝယ် ပြုလုပ်သူဖြစ်ပြီး တရားပြိုင်များနေထိုင်သည့် ရေလယ်သောင်ရွာတွင် ပြောင်းဆန်ဝယ်ရန်ကိုဒေါင်ဆောက်လုပ်ခဲ့ပြီးနောက် တရားပြိုင်များထံမှ ပြောင်းဆန်ဝယ်ယူခြင်း၊ တရားပြိုင်များကလည်း ပေးပို့ခဲ့ခြင်းတို့ကို ဂိုဒေါင်ဆောက်သည့် ၂၀၁၄ ခုနှစ်မှစတင်ပြီး ဆက်သွယ်ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသည်။ ထိုကဲ့သို့ပြောင်းဆန်အရောင်းအဝယ် ဆက်သွယ်ဆောင်ရွက်ရာတွင် တရားလိုဘက်က ပြောင်းဆန်ဘိုးငွေကြိုတင်ထုတ်ပေးပြီးမှ ပြောင်းဆန်အားငွေထုတ်ယူသွားသူ(ရောင်းသူ)က ပြောင်းဆန်ပေးအပ်ခြင်းဖြစ်ကြောင်း အဆိုပြုထားပြီး တရားပြိုင်တို့ဘက်က ပြောင်းဆန်များအရင်အပ်နှံပြီး ငွေထုတ်ယူခြင်းဖြစ်ကြောင်း ချေပထားသဖြင့် မည်သည့်နည်းဖြင့် ပြောင်းဆန်အရောင်းအဝယ်ပြုလုပ်ကြောင်း သုံးသပ်ရန်ဖြစ်သည်။

တရားလိုဘက်ကတင်ပြသည့် သက်သေဦးနိုင်လင်းဦး(လိုပြ-၂)နှင့် ဦးသန်းရွှေ(လိုပြ-၃)တို့၏ ထွက်ချက်အရ ၄င်းတို့အပါအဝင် တရားပြိုင်တို့သည် ဦးစိုးဝင်းထံတွင် ပြောင်းဆန်ရောင်းဝယ်သူများဖြစ်ကြောင်းနှင့် ၄င်းတို့အလုပ်လုပ်ရာတွင် ရောင်းသူကဝယ်သူထံမှ ကြိုတင်ရောင်းချရာတွင် ရောင်းသောအရေအတွက်ကို ကြိုတင်ဘောက်ချာဖွင့်ပြီးနောက်ပိုင်းမှသာ ရောင်းချသောပြောင်းဆန်များကို ပေးပို့ရကြောင်းနှင့် ၄င်းတို့ရှေ့၌ပင် ကိုမျိုးဝင်းက ပြောင်းဆန်ကြိုတင်ရောင်းချကြောင်းနှင့် ငွေများကြိုတင်ထုတ်ယူသွားကြောင်း ထွက်ဆိုချက်များအရ တရားလိုသည် ငွေကြိုတင်ထုတ်ပေးပြီးနောက်မှ ပြောင်းဆန်ပေးခြင်း လက်ခံခြင်းပြုလုပ်သည့် နည်းကိုအသုံးပြုကြောင်း ပေါ်ပေါက်သည်။ တရားပြိုင်များချေပသကဲ့သို့ ပြောင်းဆန်အရင်ပို့ပြီးမှ ကုန်ဘိုးငွေပေးချေကြောင်းကို တရားပြိုင်ဘက်က သက်သေတင်ပြနိုင်ခြင်း မရှိပေ။ တရားပြိုင်ပြသက်သေ ပြည့်စုံ(ပြိုင်ပြ-၁)နှင့် ကိုမျိုးတင့်(ပြိုင်ပြ-၂)တို့သည် ကိုမျိုးဝင်းက ကိုစိုးဝင်းဂိုဒေါင်သို့ ပြောင်းအိတ်ပို့ခိုင်းသဖြင့် ပို့ပေးရသူများသာဖြစ်သည်။ ပြောင်းဆန်အရောင်းအဝယ်ပြုသူများ မဟုတ်ပေ။ သို့ဖြစ်ရာ တရားလိုတင်ပြသကဲ့သို့ ကုန်ဘိုးငွေကြိုတင်ထုတ်ပေးပြီးမှသာ ကုန်လက်ခံခြင်းဖြစ်ကြောင်း ထင်ရှားသည်။

တရားလို၏ အဆိုလွှာ၊ တရားလို၏ထွက်ချက်နှင့် သက်သေခံ(က)အရ တရားပြိုင်ကိုမျိုးဝင်းသည် ၅-၅-၂၀၁၄ မှ ၃-၆-၂၀၁၄ ထိ ကြိုတင်ရောင်းချသည့်ပြောင်းဆန်အိတ်သည် ၅၄၆၀ အိတ်ဖြစ်သည်။ ၄င်း အရေအတွက်သည် တရားပြိုင်တင်ပြသည့် သက်သေခံ(၂)မှ(၇)ထိ စာရင်းအရ ရောင်းချရာတွင် ပေးသည့် ဘောက်ချာများနှင့်ညီညွတ်သည်။ သက်သေခံ(စ)အရ ၆-၆-၂၀၁၄ ရက်နေ့တွင် အိတ် ၂၀၀ အားကြိုတင် ရောင်းချရာ ကြိုတင်ရောင်းသည့်အိတ်ပေါင်း ၅၆၆၀ အိတ်ဖြစ်သည်။ ကြိုတင်ရောင်းချသည့် ပြောင်းများ အားဂိုဒေါင်မှ သက်သေခံ(င)အဖြစ် လက်ခံသည့်စာရင်းအရ ၃-၅-၂၀၁၄ မှ ၁-၆-၂၀၁၄ အထိ လက်ခံသည့်အိတ်သည် ၄၃၀၆ အိတ်ဖြစ်သည်။ တရားပြိုင်သည် ၆-၆-၂၀၁၄ ရက်နေ့အထိ ငွေယူထား ကြောင်းပေါ်ပေါက်သော်လည်း ၄င်းအချေလွှာအပိုဒ် ၁(ဂ)အရပင် ၄င်းတရားလိုထံသို့ ပြောင်းဆန်ပေးပို့ သည်မှာ ၁-၆-၂၀၁၄ ရက်နောက်ဆုံးဖြစ်သည်။ တရားပြိုင်သည် သက်သေခံ(စ)အရ ၆-၆-၂၀၁၄ အထိ ကြိုတင်ငွေရယူထားသည့် အခြေအနေတွင် ၁-၆-၂၀၁၄ အထိသာ ကုန်ပို့ထားချက်အရပင် ရယူထားငွေ များအတွက် ပြောင်းဆန်များပို့ရန်ကျန်ရှိကြောင်း ပေါ်လွင်သည်။ သက်သေခံ(င)အရ တရားပြိုင်ဘက်က ၂၆-၄-၂၀၁၄ မှ ၃၀-၄-၂၀၁၄ အထိ ပြောင်းပို့ထားသည့်စာရင်း ၅၆၁ အိတ်နှင့်ဆိုပါက တရားပြိုင် ပေးပို့ထားသည့် ပြောင်းစာရင်းသည် သက်သေခံ(ခ)နှင့်(င)အရ ၄၈၆၇ အိတ်သာဖြစ်ကြောင်း တွေ့ရှိရသည်။ တရားပြိုင်များတင်ပြသည့် သက်သေခံ(၈)(၉)(၁၀) တို့သည် တရားပြိုင်များက ပြောင်းဆန် ပို့ကြောင်း၊ ဂိုဒေါင်ချကြောင်း တင်ပြထားသော်လည်း လက်ခံသူလက်မှတ်ပါရှိခြင်းမရှိသည့်အပြင် ထောက်ခံသည့် အခြားသက်သေခံချက်များလည်း တင်ပြနိုင်ခြင်းမရှိသဖြင့် သက်သေခံ(၈)(၉)(၁၀)တို့သည် မှန်သည်ဟု ကောက်ယူနိုင်ခြင်းမရှိပေ။ သို့ဖြစ်ရာ သက်သေခံ(က)အရ တရားပြိုင်သည် ကြိုတင်ရောင်း ချသော အိတ်ပေါင်း ၅၆၆၀ တွင် ပေးပို့သည်မှာ ၄၈၆၇ သာဖြစ်ကြောင်း၊

ပုံ/ xxx xxx xxx

တာဝန်ခံမိတ္တူမှန်

(ကေအရီမြင့်ဦး)
အခွင့်ရအရာရှိ
ဟသ်ာတခရိုင်တရားရုံး

ရေးကူးသူ

အမှုတွဲထိန်း
ဟသ်ာတခရိုင်တရားရုံး

တရားလိုအားပေးရန်ကျန်သော ပြောင်းဆန်အိတ်များသည် သက်သေခံ(စ)အရ အိတ် ၇၉၃ ကျန်ရှိကြောင်း ပေါ်ပေါက်သည့် အခြေအနေတွင် မူလရုံးကတရားလိုသည် တရားပြိုင်များထံမှ ပြောင်းဆန် ၇၉၃ အိတ်(သို့မဟုတ်) ယင်းတန်ဘိုး ငွေ ၈၅၂၀၇၈၅/- ပြန်ရထိုက်ကြောင်း ငြင်းချက်(၁)အား ဖြေဆိုခြင်းသည် မှန်ကန်ကြောင်း တွေ့ရှိရသည်။

ဤသို့သောအခြေအနေတွင် မူလရုံးက (၁)တရားပြိုင်သည် တရားလိုထံမှပြောင်းဆန် ၃၀၇ အိတ်ဖိုးအပါအဝင် ၁၅၃၈၇၅၀/- ရရန်ရှိတာမမှန်ကြောင်း တရားလိုသို့ ပြောင်းဆန်အိတ်ဘိုးပေးရန်ရှိသည်ဆိုတာမှန်ကန်ကြောင်း၊ (၂)တရားပြိုင်အား အမှုသည်အဖြစ်မှထုတ်ပယ်ကြောင်း၊ တရားလိုကိုစိုးဝင်းသည် (၁)တရားပြိုင်ကိုမျိုးဝင်းထံမှ ပြောင်းဆန် ၇၉၃ အိတ် (သို့မဟုတ်) ယင်းတန်ဘိုး ၈၅၂၀၇၈၅/- အားစရိတ်နှင့်တကွပေးဆပ်စေရန်နှင့် (၂)တရားပြိုင်အပေါ်စွဲဆိုသည့် အမှုအားပလပ်ခြင်းသည် အမှုတွဲပါတင်ပြသည့် သက်သေခံအထောက်အထားများနှင့်အညီ ချမှတ်ထားကြောင်း တွေ့ရှိရသည်။ သို့ဖြစ်သောကြောင့် မူလမြို့နယ်တရားရုံးက ၂၈-၁၀-၂၀၁၆ ရက်နေ့ကချမှတ်သည့် စီရင်ချက်နှင့်ဒီကရီအားအတည်ပြုပြီး၊ ဤအယူခံမှုအား စရိတ်နှင့်တကွပလပ်ကြောင်း အမိန့်ချသည်။

ရှေ့နေစရိတ် ၁၀၀၀၀/-သတ်မှတ်သည်။

ပုံ/ xx xx xx
( နန်းသင်းသင်းဆွေ )
ခရိုင်တရားသူကြီး
ဟသ်ာတခရိုင်တရားရုံး

ရေးကူးသူ
(signature)
အမှုတွဲထိန်း
ဟသ်ာတခရိုင်တရားရုံး

မိတ္တူမှန်
(signature)
( ကေသရီမြင့်ဦး )
အခွင့်ရအရာရှိ
ဟသ်ာတခရိုင်တရားရုံး